မုံရွေးသိပ္ပံစာစဉ်

# စတီဖင်ဟော့ကင်း

## အက်ဆေးများ



ဘိုးလှိုင်

ကိုတာ

မြန်မာပြန်သည်

BLACK HOLES
BABY UNIVERSE

# STEPHEN HAWKING

# ဘိုးလှိုင်၏ မိတ်ဆက်စာ

(လိပ်ပတ်လည်စေလိုသောကြောင့် မိတ်ဆက်ရှည်ရှည် ရေးထားပါသည် ။)

စတီဖင်ဟော့ကင်း၏ "Black Holes and Baby Universes and Other Essays" စာအုပ်ကို သူနှင့် ကျွန်တော် နှစ်ယောက်တွဲ ဘာသာပြန်ရန် ဆရာကိုတာက အဖော်ညှိလာပါသည် ။ ကျွန်တော် ထိုစာအုပ်ကို မဖတ်ရသေးပါ။ သို့သော် ဘာမှ စဉ်းစားမနေဘဲ ချက်ချင်း သဘောတူလိုက်ပါသည် ။

ဤစာအုပ်အကြောင်း၊ ဟော့ကင်းအကြောင်း အမှာ စကားအနည်းငယ်ရေးမည်ဟု စိတ်ကူးရခဲ့ပါသည် ။ သို့သော် တကယ်ချရေးသောအခါ အောက်ပါအကြောင်းအရာသည် ရှေ့က ပေါ်ထွက်လာပါသည် ။

## အာရှသား သိပ္ပံပညာကျော်

နှစ်ဆယ်ရာစု ဒုတိယပိုင်းတွင် အာရှတိုက်သားအနည်းငယ်သည် ကမ္ဘာ့ထိပ်တန်း သိပ္ပံပညာရှင်အဖြစ် ပေါ်ထွန်းလာခဲ့သည် ။ ထိုအထဲတွင် ပါကစ္စတန်လူမျိုး အဗ္ဗဒူဆလမ်( Abdus Salam) ပါဝင်သည် ။ သူသည် ရူပဗေဒနိုဗယ်ဆုရ သဘောတရား ရူပဗေဒပညာရှင် ဖြစ်၏။ ကိန်းဗရစ်တက္ကသိုလ်၌ ပညာသင် ကြားခဲ့ပြီး လန်ဒန်တက္ကသိုလ်တွင်

ပါမောက္ခအဖြစ် လုပ်ကိုင်ခဲ့သည် ။ လန်ဒန်က ပါမောက္ခရာထူးကို လက်ခံမှ သာ သူသည် ကမ္ဘာနှင့် ယှဉ်ပြီး သိပ္ပံပညာကိုလိုက်စားနိုင်မည်ဟု ဆို၏။ ထို့ကြောင့် သူ၏ ပါကစ္စတန်နိုင်ငံသားအဖြစ်ကို မစွန့်လွှတ်ဘဲ ဗြိတိန်နိုင်ငံသား ခံယူခဲ့သူ ဖြစ်၏။ နှစ်နိုင်ငံ သစ္စာခံသူ ဖြစ်၏။

ဖွံ့ဖြိုးဆဲနိုင်ငံများ တွင် သိပ္ပံဖွံ့ဖြိုးရေးကို အားကြိုးမာန်တက် လုပ်ဆောင်ရင်း သူသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပညာရှင်များ မဏ္ဍိုင်ပြုစရာ သိပ္ပံဌာနကြီးတစ်ခုကို ကမကထပြု၍ တည်ထောင်၏။ အီတလီနိုင်ငံ ထရီယက်(စ) (Trieste) မြို့ရှိ International Centre for Theorretical Physics(ICTP) ကို အီတလီအစိုးရ၊ ယူနက်(စ)ကိုနှင့် အိုင်အေအီးအေတို့ က ပူးတွဲငွေကြေးတာဝန်ယူဖွင့်လှစ်ထားသည် ။ ICTP ၏ ပထမဆုံးညွှန်ကြားရေးမှူးသည် အဗ္ဗဒူဆလမ် ဖြစ်၏။

သိပ္ပံပညာတွင် အာရှက နောက်ကျန်ခဲ့ရသော အဖြစ်နှင့်ပတ်သက်ပြီးဆလမ်က အောက်ပါတိုင်း ပြောကြားခဲ့၏။

"သက္ကရာဇ် ၁၆၆၆ ခုဟာ အလွန်မှတ်သားဖွယ်နှစ်ပါ။ အဲဒီနှစ်မှာ မီးလောင်ပြာကျခဲ့တဲ့ လန်ဒန်မြို့ကြီးကို အသစ်ပြန်တည်ရတယ်။ ပြန်လည်တည်ဆောက်တဲ့ အထဲမှာ နာမည်ကျော် ဗိသုကာကြီး ဆာခရစ်ဖတိုဖာရင်း (Sir Christofer Wren) ရဲ့ လက်ရာဖြစ်တဲ့ စိန်ပေါ်ဘုရားကျောင်းကြီး (ST Paul Cathedreal) ပါဝင်တယ်။ အခု လန်ဒန်မြို့ရဲ့ ဂုဏ်ယူစရာ အထင်ကရ အဆောက်အဦးကြီးပေါ့။

စိန့်ပေါ ဘုရားကျောင်းကြီးနဲ့ မရှေးမနှောင်း ၁၆၃၀-၅၂ မှာ အိန္ဒိယနိုင်ငံ အဂ္ဂရာမို့က တပ်(ချ)မာ(လ်) (Taj Mahal) ကို ဆောက်လုပ်ပါတယ်။ ကြီးမားခန့်ထည်မှုနဲ့ ဗိသုကာလက်ရာမြောက်ပုံကိုယှဉ်ကြည့်ရင် (တပ်(ချ)မဟာ(လ်)က စိန်ပေါ်ထက် မနိမ့်ဘူး၊ တစ်မျိုးစီးထူးတဲ့ ဗိသုကာလက်

ရာတွေပဲ။

ဒါ ဘာကို ညွှန်ပြသလဲဆိုတော့ ၁၇ရာစုမှာ အိန္ဒိယနိုင်ငံဟာ အင်္ဂလန်နှင့် အရာရာမှာ ယှဉ်နိုင်တယ်ဆိုတဲ့ အချက်ပဲ။ အင်္ဂလန်လိုပဲ ကျွမ်းကျင်မှု အတတ်ပညာ ရှိတယ်။ နိုင်ငံကြွယ်ဝမှုမှာ လည်း ယှဉ်နိုင်တယ်။

သို့သော်လည်း ၁၆၆၆ခုက အင်္ဂလန်မှာ ပေါ်ပေါက်ခဲ့တဲ့ သမိုင်းဝင်ဖြစ်ရပ်ကြီးတစ်ခု ရှိသေးတယ်။ ဆရာကြီး နယူတန် ရေးထုတ်လိုက်တဲ့ Principia Mathematica လို့ လူသိများ တဲ့ သဘာဝသိပ္ပံကျမ်းကြီး ပေါ်ထွက်တယ်။ အဲဒီလို သိပ္ပံကျမ်းမျိုး အိန္ဒိယမှာ ထွက်မလာခဲ့ဘူး။ ဒီမျှမကဘူး။ အင်္ဂလန်နဲ့ ဥရောပမှာ အဲဒီကျမ်းကြီးကို လေ့လာသင်ယူကြ၊ ဝေဖန်ဆွေးနွေးကြတယ်။ အိန္ဒိယသားတွေက ဒါကို သိတောင်မသိလိုက်ကြဘူး
။

ဒီမှာ ပဲ ခြားနားမှု စတင်တော့တာပဲ။ အနောက်ဘက်မှာ သိပ္ပံထွန်းကားတယ်။ အရှေ့ဘက်မှာ သိပ္ပံက ပေါ်မလာဘူး။

နောက်အနှစ် (၁၀၀) ကြာတော့ အိန္ဒိယနဲ့ အင်္ဂလန် အကွာကြီး ကွာခြားသွားပြီ။ အင်္ဂလိပ်က အိန္ဒိယတစ်နိုင်ငံလုံးကို သိမ်းပိုက်ကျွန်ပြုလိုက်ပါပြီ။"

နိုဗယ်ဆုရ အာရှတိုက်သားတစ်ယောက်ရဲ့ ဟောပြောချက်ကို မှတ်မိသည့် အတိုင်း ပြန်ရေးလိုက်ခြင်းဖြစ်ပါသည် ။ မြန်မာလူငယ်များ စဉ်စားဖွယ် ဖြည့်စွက်လိုပါသည် ။

## မြန်မာပြည်မှ ယှဉ်စရာ

ပုဂံ ပုထိုးစေတီများ နှင့် လန်ဒန်မြို့က ဝက်စမင်စတာ ဘုရားကျော

င်း တစ်ခေတ်တည်း တည်ဆောက်ခဲ့သည် ။ ယှဉ်ကြည့်လျှင် မြန်မာက နောက်မကျ၊ သာပင် သာဦးမည်။

စိန်ပေါနှင့် မရှေးမနှောင်း မြန်မာက ကောင်းမှုတော်စေတီတော်ကြီး တည်သည် ။ ရွှေတိဂုံစေတီတော်ကြီးကို လက်ရှိပုံသဏ္ဌာန် ဖော်ထုတ်ခဲ့ သည် က ထိုထက် စောဦးမည်။

## တန်းတူဘဝမှ နောက်ကျ

သို့သော် နယူတန်၏ ပညာအကြောင်း မြန်မာတို့ မကြား မသိလိုက် ပါ။ နှစ်ပေါင်း ၂၅၀ကျော်ကြာမှ သတိပြုမိလာသည် ။

၁၈၂၄.၂၅တွင် မိုက်ကယ်ဖာရာဒေးသည် လျှပ်စစ်ပညာရှင်ကြီး အဖြ စ်ထင်ပေါ်စ ပြုနေပါပြီ။ ထိုအချိန်တွင် မြန်မာပြည်ကို အင်္ဂလိပ်က ပထ မအကြိမ် ကျူးကျော်သိမ်းပိုက်သည် ။ မြန်မာတို့ လျှပ်စစ်ပညာကိုပင် မကြားဖူးသေးပါ။ ဂရုစိုက်ရန်လည်း အခြေအနေမပေးပါ။

သောမတ် အက်ဒီဆင်က လျှပ်စစ်ဓာတ်အား၊ လျှပ်စစ်မီးသီး တီထွင်ပြီး တယ်လီဖုန်းကို ကောင်းသည် ထက် ကောင်းအောင် စမ်းသပ် နေသောအခါ မြန်မာတို့ ၏ သိပ္ပံခေတ်ကို ဦးဆောင်မည့် ယောမင်းကြီး ဦးဘိုးလှိုင် အရာကျနေသည် ။ ဂျေဂျေသွမ်ဆင်တို့ လူသိုက် လျှပ်စစ်မီး ချောင်းနှင့် စမ်းသပ်ချက်တွေလုပ်ပြီး အီလက်ထရွန်ကို တွေ့သောခေတ် တွင် မြန်မာတို့ သည် အင်္ဂလိပ်လက်အောက် လုံးလုံးရောက်သွားလေပြီ။

၁၉၁၀ ဝန်းကျင်တွင် မြန်မာမျိုးချစ်တို့ ၏ နယ်ချဲ့ကို တန်ပြန်တော် လှန်မှုများ သည် လည်း ဦးကျိုးစ ပြုလေပြီ။ ဂျာမဏီမှ မက်(စ) ပလန့်၏ ကွမ်တမ်သီအိုရီ ပေါ်ပေါက်သော ၂၀ရာစု အစနှစ်သည် မြန်မာတို့

ခေါင်းမထောင်နိုင်သော နှစ် ဖြစ်၏။ သိပ္ပံပညာကို မှုဖို့ ဝေးလေစွ။

၁၉၀၅ခု အိုင်စတိုင်း၏ အလင်းနှင့် လျှပ်စစ်သဘာဝကို ပြသောသီအိုရီနှင့် ရီလေတစ်ဗတီ သီအိုရီ ပေါ်ထွန်းသည် ။ မရေးမနှောင်းကာလတွင် မန္တလေးမြို့၌ "ကမ္ဘာကြီးပြားသည် / လုံးသည် " စကားစစ်တိုးပွဲ ကျင်းပခဲ့ပြီး မြန်မာဝန်ကြီး မင်းကြီးဟောင်းတို့ နားထောင်ကြောင်း တစ်နေရာ၌ ဖတ်ခဲ့ရဖူးသည် ။ ကမ္ဘာကြီး "ပြားသောဘက်"ကို ဒိုင်က အနိုင်ပေးလိုက်သည် ဆို၏။

သိပ္ပံအကြောင်းချည်း ပြောနေသော်လည်း နည်းပညာအရာ၌ လည်း ထူးမခြားနား ဖြစ်ပေသည် ။

## အကြောင်းရင်းရှာ

မြန်မာနိုင်ငံအပေါ် အင်္ဂလိပ်တို့ နယ်ချဲ့ကျူးကျော်သည့် အကြောင်း သမိုင်းကို ဖတ်ရလေတိုင်း အင်္ဂလိပ်က လက်နက်ပစ္စည်း သာလွန်သောကြောင့် မြန်မာတို့ ရှုံးနိမ့်ရသည် ဟူ၍ တွေ့ရှိရသည် ။ မှန်ပါသည် ။ သတ္တိအရာ၊ စစ်ပညာ အရာတော့ မြန်မာတို့ မခေပါ။

သို့သော် အဘယ်ကြောင့် မြန်မာတို့ ၏ စစ်လက်နက်သည် ခေတ်နောက်ကျနေခဲ့ရသနည်း။ ဤအကြောင်းကို သမိုင်း၌ စာတစ်ကြောင်း တလေမျှ မဖတ်ရပါ။ မတွေ့ဖူးပါ။

သမိုင်းသုတေသီ ဒေါ်ကြန်၏ "သမိုင်းရှာပုံတော် ခရီး (၂၀၀၂) စာအုပ်တွင် "စက်မီးစက်ဒုံး" ဆောင်းပါး၌ ဘုန်းကြီးပျံတွင် မြန်မာမင်းမိဖုရားတို့ ဒုံးပျံလွှတ် သည့် အကြောင်း ဖတ်ရှုရသည် ။ ဥရောပထက် ရှေ့ကစော၍ ဒုံးပျံလွှတ်သော မြန်မာတို့ တွင် နယူတန်၏ နိယာမတည်းဟူ

သော သိပ္ပံအခြေခံလိုနေသဖြင့် အပျော်ကစားစရာအဆင့်မှ ဒုံးပျံသည် တတ်မလာခဲ့ကြောင်း သတိပြုအပ်သည် ။

အုတ်မြစ်ကောင်းကောင်း မချဘဲ "အမြန်တတ် နည်းပညာ" ကို လုပ်ယူ၍ ရပါသည် ။ သို့သော် ခေတ္တခံ နံကပ်တိုက်ဖြစ်မည်။ ကံရာဇာငယ်၏ မဏ္ဍပ်ကဲ့သို့ ဖြစ်မည်။ အဆင့်မြင့် တတ်လှမ်းမည့် နည်းပညာသည် အခြေခံ အုတ်မြစ်ပါဝင်ရပါမည်။ အုတ်မြစ် ဆိုသော်လည်း အပေါ်အဆောက်အဦး၏ အစိတ်အပိုင်းများ နှင့် ပြိုင်တူလုပ်စရာ ဖြစ်ပါသည် ။

## ကိန်းဗရစ်မှ ကုလားထိုင်နှစ်လုံး

ကိန်းဗရစ်တက္ကသိုလ်တွင် သမိုင်းဝင်သိပ္ပံရာထူး ကုလားထိုင်ကြီး နှစ်ခုရှိသည် ။ အင်္ဂလိပ်က ယခုအထိ Chair ဟု ခေါ်သဖြင့် ကုလားထိုင်ဟု ရေးလိုက်ခြင်း ဖြစ်၏။ Chair သည် ပါမောက္ခဌာနမှူး ရာထူး ဖြစ်၏။

နယူတန်နှင့် ပတ်သတ်ပြီး လူသိနည်းသော ပညာဇာတ်လမ်းတစ်ခု ဖော်ပြလိုပါသည် ။

Calculus ခေါ် သင်္ချာနယ်သစ်ကို နယူတန်နှင့် ဂျာမန်လူမျိုး လစ်ဗနစ် (Leibnitz) တို့ နှစ်ဦးက ပြိုင်တူတီတွင် ဖော်ထုတ်ခြင်း ဖြစ်၏။ သို့သော် ဥရောပသားတို့ က နယူတန်က Calculus တီထွင်သည် ဟု လက်မခံနိုင်ကြချေ။ သူဦးသည် ငါဦးသည် ငြင်းခုံကြလေသည် ။ လစ်ဗနစ်က "အောက်ပါပုစ္ဆာကို မေးခွန်းထုတ်ပြီး စွမ်းသောပညာရှင် အဖြေထုတ်ပါလော့"ဟု စိန်ခေါ်၏။ ပုစ္ဆာကို သဘောပေါက်ရန် ဥပမာနှင့် တင်ပြပါမည်။

Brachistochrome Problem

ဘုရားထီးတင်ရာ၌ ရထားပုံ့တတ်ရန် သုံးသော ကြိုးတန်းကို စိတ်ကူးကြည့်ပါ။ ရထားကို ဘုရားပေါ်မှ အောက်ကို လျှောချမည်။ ကြိုးသည် ပကတိချောမွတ်၏။ အပွတ်အတိုက် လုံးဝမရှိဟု မှတ်ယူပါ။ ရထားသည် ဘုရားပေါ်မှ မြေပြင်သို့ "အမြန်ဆုံး ရောက်ရှိရန် ကြိုးတန်းကို မည်သို့သော သဏ္ဍာန်နှင့် ကွေးကော့ထားမည်နည်း။ ဤပုစ္ဆာကို Brachistochrome problem ဟု ခေါ်ပါသည် ။

ပုစ္ဆာကိုရရှိပြီး နောက်တစ်နေ့တွင် နယူတန်က အဖြေထွက်ထုတ်ပေးသည် ဟု အဆိုရှိ၏။

"လက်သည်းထုတ်ပြတာ မြင်ရပြီပဲဗျာ၊ ခြသေ့်မှန်း သိပါပြီ" ဟု နယူတန် ကို ဥရောပမှ အသိအမှတ်ပြုသံ ပေါ်ထွက်လာခဲ့၏။

အဖြေ။ ။ ရထားဆိုင်းကြိုးသည် ဖြောင့်တန်းနေလျှင် ရထားမြေပြင်သို့ အမြန်မရောက်ပါ။ အတိုဆုံးလမ်းသည် အမြန်ဆုံးမဟုတ်ပါ။ ကြိုးတန်း၏ သဏ္ဍာန်ကို သင်္ချာညီမျှခြင်းတစ်ခုနှင့် အဖြေပေး၍ ရပါသည် ။ တွက်ထုတ်သောနည်းကို Calculus of Variations ဟု ခေါ်ပြီး များ သော အားဖြင့် ဘွဲ့လွန်အဆင့်တွင် သာ ရူပဗေဒ၊ သင်္ချာ၊ အင်ဂျင်နီယာ ဘာသာများ အတွက် သင်ကြားလေ့ရှိပါသည် ။

## ဒုတိယရာထူး ကုလားထိုင်

ကိန်းဗရစ်မှ သမိုင်းဝင် သိပ္ပံရာထူး ကုလားထိုင်နောက်တစ်ခုသည် Cavendish Chair of Physics ဟု အမည်တွင် ၏။ ကေဗင်းဒစ်ဓာတ်ခွဲခ

န်းကြီး၏ အကြီးအမှူးအဖြစ် မက္ကစဝဲ (Maxwell)၊ လော့ရာလေး (Lord Raleigh)၊ ဆာဂျေဂျေသွမ်ဆင် (Sir JJ Thomson)၊ လော့ရာသားဖို့ ( Lord Rutherford)၊ ဆာဝီလျံဘရက် (Sir William Bragg) တို့ ပါမောက္ခ ကုလားထိုင်၌ ထိုင်ခဲ့ကြသည် ။ ပါမောက္ခများကို ဘုရင်က ဆာဘွဲ့၊ လော့(မှူးမတ်) ဘွဲ့ချီးမြှင့်ရသည် အထိ ဂုဏ်ဒြပ်ကြီးသော် ပုဂ္ဂိုလ်များ ဖြစ်၏။ သွမ်ဆင်မှ အစပြုပြီး အားလုံး နိုဗယ်ဆုရကြ၏။

အဏုမြူကို ဓာတ်ခွဲစမ်းသပ်ချက် အများ စုသည် ကေဗင်ဒစ်ဓာတ်ခွဲခန်း၌ လုပ်ခဲ့ခြင်း ဖြစ်၏။ ဒိန်းမတ်မှ နီးဗိုး(နိုဗယ်ဆုရှင်)နှင့် ရုရှားမှ ပီတာကပစ်ဇာ (Peter Kapitza)(၁၉၈၀ ပြည့် နိုဗယ်ဆုရသူ) တို့ သည် ကေဗင်းဒစ်ဓာတ်ခွဲခန်း၌ သုတေသနလုပ်ရင်း ပညာဆည်းပူးခဲ့သူများ ဖြစ်၏။ အမေရိကန်၏ အဏုမြူဗုံးစီမံကိန်းခေါင်းဆောင် အိုပင်ဟိုင်းမားလည်း ကေဗင်းဒစ်တွင် ပညာဆည်းပူး ဖူးသည် ။ ပီတာက မစ်ဇာသည် စတာလင်၏ ကွန်မြူနစ်ခေတ်၌ ကိန်းဗရစ် လာပြီး ပညာယူသောမျိုးချစ်ရုရှ ဖြစ်၏။

ဆာလောရင့်ဘရက်သည် အိပ်(စ) ရောင်ခြည်ကို အထူးပြုလေ့လာသူ ဖြစ်၏။ သူ၏ လက်ထက်၌ ဇီဝသိပ္ပံနှင့် ဆေးသိပ္ပံအတွက် ရူပဗေဒသုတေသနကို ကေဗင်းဒစ်ဓာတ်ခွဲခန်း၌ စတင်ခဲ့သည် ။ ဖရန့်စစ်ခရစ် (Francis Crick)နှင့် ဂျိမ်းဝပ်ဆင် (James Watson)တို့ သည် DNA ၏ ဖွဲ့စည်းပုံကို တွေ့ရှိသည့် ဓာတ်ခွဲခန်းသည် ကေဗင်းဒစ်(ရှ) ဖြစ်၏။ သူတို့ နှစ်ဦးသည် ၁၉၆၂ခု နိုဗယ်ဆုကို ပူးတွဲရရှိကြသည် ။

## ၂၁ရာစု ကိန်းဗရစ်တက္ကသိုလ်

၁၈၊ ၁၉၊ ၂၀ရာစုတွင် ကိန်းဗရစ်သည် သိပ္ပံပညာအရာ၌ ကမ္ဘာ့ထိပ်

တန်းဌာနကြီးအဖြစ် တံခွန်စိုက်ခဲ့လေသည် ။

ဒုတိယကမ္ဘာစစ်အပြီး ၂၁ရာစု ဒုတိယပိုင်းတွင် ကိန်းဗရစ်သည် ပညာ ဂုဏ် မှေးမှိန်းမသွားသော်လည်း သူနှင့် နင်လားငါလား ဂုဏ်တုဂုဏ်ပြိုင် တက္ကသိုလ်များ ၊ ဓာတ်ခွဲခန်းများ သည် အမေရိကန်၊ ရုရှား၊ ဂျပန်နှင့် ဥရောပ၌ ပေါ်ထွန်းလာခဲ့သည် ။ ထိပ်တန်း သိပ္ပံတွေ့ရှိချက်များသည် အခြားနေရာများမှ လည်း ပေါ်ထွက်လာချက်ရှိရာ ကိန်းဗရစ်၏ ဝေစုသည် လျော့နည်း၍ လာသည် ။

သို့သော် ကိန်းဗရစ်တက္ကသိုလ်ကို သိပ္ပံထိပ်တန်းစာရင်းမှ ပယ်၍ မရသေးပါ။ ၂၁ရာစုထဲ အဝင်တွင် ကိန်းဗရစ်သည် ထိပ်တန်းစာရင်းဝင်အဖြစ် ရှိနေသေး၏။ မကြာမီ နှစ်များ တွင် ကွန်ပျူတာနှင့် သုတသိပ္ပံဖွံ့ဖြိုးရေး သုတေသနဌာကြီး တစ်ခုတည်ထောင်ရန် ကိန်းဗရစ်တက္ကသိုလ်ကို ဗဟိုထား၍ လုပ်ဆောင်ရန် သူဌေးကြီးဘီ(လ်)ဂိတ် (Bill Gates)က ဒေါ်လာသန်းပေါင်းများ စွာ မတည်ထောက်ပံ့လိုက်ကြောင်း သတင်းစာ၌ ဖတ်လိုက်ရ၏။

## စတီဖင်ဟော့ကင်းနှင့် အောက်(စ)ဗရစ်

အင်္ဂလန်နိုင်ငံ၏။ အထင်ကရ ရှေးဟောင်း တက္ကသိုလ်ကြီးနှစ်ခုဖြစ်သော ကိန်းဗရစ်နှင့် အောက်(စ)ဖို့ ကို Oxbridge ဟု အတိုပေါင်း၍ ခေါ်ဝေါ်လေ့ရှိသည် ။

စတီဖင်ဟော့ကင်းသည် နယူတန်ထိုင်ခဲ့သော Lucasian Chair ရာထူး၌ လက်ရှိပါမောက္ခဖြစ်သည် ။ သူသည် အောက်စဖို့ တက္ကသိုလ်မှ ရူပဗေဒ အဓိကနှင့် ဘီအေ(ဂုဏ်ထူး) ဘွဲ့ရခဲ့၏။ ဟုတ်ပါသည် ။ အောက်စဖို့ က သိပ္ပံ ဘာသာယူသူကို ဘီအေဘွဲ့ပေးပါသည် ။

ဟော့ကင်းသည် အောက်စဖို့ မှ ပထမတန်း ဂုဏ်ထူးဘွဲ့ရပြီး ကိန်းဗရစ်၌ ဘွဲ့လွန်သင်ပြီး PhD ဘွဲ့ကို ရသည် ။ ထိုမှ Lucasian Chair အထိ ရောက်လာသည် ။

သူသည် သင်္ချာရူပဗေဒကို လက်ကိုင်ထားပြီး Cosmology ဟု ခေါ်သော ကောင်းကင်ဗေဒကို အထူးပြုသုတေသနလုပ်၏။ အိုင်းစတိုင်း၏ အဆင့်ဝင်သော သဘောတရားရူပဗေဒသမားအဖြစ် အသိအမှတ်ပြုရလောက်အောင် တွေ့ရှိချက်အသစ်များ ၊ သဘောတရားအသစ်များကို ဖော်ထုတ်ထားလေသည် ။

## အောက်(စ)ဖို့ ဗရစ်နှင့် မြန်မာ

အောက်(စ)ဗရစ်တွင် အောက်စဖို့ သည် ဝိဇ္ဇာပညာနှင့် လူမှုသိပ္ပံ၊ ဆေးသိပ္ပံတို့ ၌ ထင်ရှားထွန်းပေါက်၏။ ပင်နီစလင်ဆေးကို အောက်စဖို့ ၌ စတင်တွေ့ရှိခြင်း ဖြစ်၏။ ကိန်းဗရစ်သည် သိပ္ပံပညာ၊ နည်းပညာ၌ ချွန်၏။ နည်းပညာကို ဥပမာအဖြစ် ဆာဖရင့်ဝှစ်တဲ့ (Sir Franck Whittle) သည် လေယာဉ်ဂျက်အင်ဂျင်ကို ကိန်းဗရစ်၌ စတင်သုတေသနပြုခဲ့ကြောင်း ဖော်ပြစရာရှိ၏။

အင်္ဂလိပ်လက်အောက်ခံ မြန်မာနိုင်ငံသည် အောက်(စ)ဗရစ်၏ သြဇာနှင့် မကင်းခဲ့ချေ။

အင်္ဂလိပ်အစိုးရ၏ ခြေလက်ခေါင်းသည် အိုင်စီအက် (ICS) အရာရှိများ ဖြစ်၏။ အိုင်စီအက်သင်တန်းကို အောက်(စ)ဗရစ်တွင် ပို့ချက်ပေး၏။ အိုင်စီအက်အများ စုသည် မြန်မာတို့ အပေါ်၌ ဆိုးဝါးသူများ ဖြစ်၏။ မြန်မာတို့ အပေါ်၌ စိတ်ကောင်းရှိပြီး မြန်မာတို့ ဘက်မှ ခံစားတ

တ်သော မစ္စတာ ဂျေအက်ဖာနီဗယ် ( JS Furnivell) သည် ကိန်းဗရစ်တွင် အိုင်စီအက်ဖြစ်ပြီး စာရေးဆရာကြီး မောရစ်ကောလစ် (Morris Collis ) သည် အောက်စဖို့ ထွက် အိုင်စီအက် ဖြစ်၏။ မြန်မာပြည် အုပ်ချုပ်ရေး စနစ်သစ်အတွက် စုံစမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဆာဂျွန် ဆိုင်မွန် (Sir John Simon) သည် အောက်စဖို့ ထွက်၊ ထိုတက္ကသိုလ်၏ အုပ်ချုပ်ရေးကောင်စီလူကြီး ဖြစ်၏။ သူသည် မြန်မာပြည် လာပြီး မြန်မာတို့ နှင့် ကောင်းကောင်း တွေ့ မသွားချေ။ တိုင်းမင်းကြီးရုံးစိုက်ရာ စစ်ကိုင်းမြို့သည် သူသွားလောက်အောင် အရေးမကြီး၊ ရန်ကုန်မြို့က ကုလားသူဌေး၏ ညှော့ ခံပွဲတက်ပြီး မြန်မာပြည်အုပ်ချုပ်ရေးအတွက် အစီရင်ခံစာရေးကြောင်း ကောလစ်၏ စာအုပ်၌ ရေးထား၏။

မြန်မာလူမျိုး အိုင်စီအက်များ လည်း အောက်(စ)ဗရစ်တွင် သင်ကြားရသည် ။ သိပ္ပံမောင်ဝ အမည်ခံ ဦးစိန်တင်သည် အောက်စဖို့ အိုင်စီအက် ဖြစ်၏။

စာပေပညာရှင်များ တွင် ဦးဖေမောင်တင်နှင့် ဦးဝန်(မင်းသုဝဏ်)၊ ဦးမေအောင်၏ သမီး ဒေါ်မြစိန်တို့ သည် အောက်စဖို့ ထွက် ဖြစ်၏။ အခြားပုဂ္ဂိုလ်များ စွာ ရှိပါသေးသည် ။ သမ္မတကြီးဖြစ်လာသူ ဒေါက်တာဘဦး၊ ကျောက်စာဝန် တော်စိန်ခို၊ တရားဝန်ကြီး၊ ပညာရေးဝန်ကြီးဖြစ်လာပြီး မြန်မာ့နိုင်ငံရေးတွင် အရေးပါခဲ့သော ဒေါက်တာအေးမောင်၊ ရန်ကုန်တက္ကသိုလ်သင်္ချာ ပါမောက္ခ ဦးအောင်လှ၊ အင်္ဂလိပ်စာပါမောက္ခနှင့် ပါမောက္ခချုပ် ဒေါက်တာထင်အောင်တို့ သည် ကိန်းဗရစ်တက္ကသိုလ်မှ ဘွဲ့လွန်ရများ ဖြစ်သည် ။ အောက်(စ)ဗရစ်တို့ မြန်မာပြည်တွင် အရေးပါခဲ့ဖူးပါသည် ။

ကိန်းဗရစ် PhD ဘွဲ့ရ ဒေါက်တာမောင်ရှိန်နှင့် အောက်စဖို့ မဟာဘွဲ့

ရ ဦးချစ်မောင်တို့ သည်  ဒုတိယဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့ရသူများ ဖြစ်၏။ ကမ္ဘာ၌ ထင်ရှားသော ဘောဂဗေဒပါမောက္ခ ဒေါက်တာလှမြင့် သည် ရန်ကုန်တက္ကသိုလ်၌ ပါမောက္ခချုပ်တာဝန် ထမ်းခဲ့ဖူးသည် ။ သူသ ည် အောက်စဖို့ ဘွဲ့ရ ဖြစ်ပြီး ဒုတိယပါမောက္ခ လုပ်ခဲ့ဖူးသည် ။ လန်ဒန် ၌ ပါမောက္ခ ဖြစ်၏။ ယခု မျက်မှောက်တွင် ဝန်ထမ်းရွေးချယ် လေ့ကျင့် ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် သည် ကိန်းဗရစ် PhD စီးပွားရေးပ ညာရှင် ဖြစ်၏။

မြန်မာနိုင်ငံကို နှိပ်ကွက်ရာ၌ အောက်(စ)ဗရစ်ဟောင်းတို့ အတော်များများ ပါဝင်ခဲ့သည် ကို လူငယ်တို့ သတိပြုထိုက်၏။ မြန်မာနို င်ငံ၏ တိုင်းပြုပြည်ပြု ပညာရှင်များ လည်း အောက်(စ)ဗရစ်မှ လာခဲ့ဖူး သည် ကိုလည်း မမေ့အပ်ပေ။

## အောက်(စ)ဗရစ်နှင့် ကမ္ဘာ

ကမ္ဘာတစ်လွှား၌ အောက်(စ)ဗရစ်၏ သြဇာသည် လွှမ်းနေဆဲ ဖြစ်၏ ။ သမ္မတလောင်း ဘီ(လ်)ကလင်တန်သည် အောက်စဖို့ ၌ Rhodes Schol ar အဖြစ် ပညာသင်ခဲ့သည် ။ လွန်ခဲ့သော အနှစ် ၄၀ အတွင်းဗြိတိန်နိုင်ငံ ၌ ဝန်ကြီးချုပ်များ တွင် ဟဲရိုးဝီလ်ဆင်၊ အက်(ဒ)ဝပ်ဟိ(သ်)၊ မာဂရက်သ က်ချာနှင့် လက်ရှိ တိုနီဘလဲတို့ သည် အောက်စဖို့ ဘွဲ့ရသူများ ဖြစ်သည် ။ စီးပွားရေးပညာ၌ သြဇာကြီးလှသော ဂျွန်မေနတ်ကိန်း(စ) (John May nard Keynes) သည် ကိန်းဗရစ် ပါမောက္ခ ဖြစ်၏။ သချာ၊ လူမှုသိပ္ပံနှင့် ငြိမ်းချမ်းရေးအတွက် ထင်ရှားသော ဘာထရန်ရပ်ဆဲ သည် ကိန်းဗရစ် သချာဆရာ ဖြစ်၏။

အိန္ဒိယခေါင်းဆောင်ကြီး ဂျဝါဟာလားနေရူးသည် ကိန်းဗရစ်၌ ပ

ညာသင်ခဲ့သည် ။ ဓာတုဗေဒ အထူးပြုခဲ့သူ ဖြစ်၏။ သူ့သမီး အင်ဒီရာဂန္ဒီ သည် အောက်စဖို့ တက်ခဲ့သည် ဟု ထင်သည် (သိပ် မသေချာပါ။) ဂန္ဒီ၏ မြေး အင်ဒီရာ၏ သား ဝန်ကြီးချုပ်ဖြစ်သူ ရာဂျစ်ဂန္ဒီသည် ကိန်းဗရစ်၌ အင်ဂျင်နီယာ ပညာသင်ခဲ့၏

စင်ကာပူနိုင်ငံ၏ ခေါင်းဆောင်ကြီး လီကွမ်ယူးနှင့် ဇနီးတို့ သည် ကိန်ဗရစ်မှ ဥပဒေဘွဲ့ရများ ဖြစ်၏။ သားဖြစ်သူ လီးရှိန်လွန်း (Lee Hsien Loong) (လက်ရှိ စင်္ကာပူဝန်ကြီးချုပ်) သည် ကိန်းဗရစ်မှ သင်္ချာအထူးပြု ဘွဲ့ရ ဖြစ်လေသည် ။

ဂျပန်အိမ်ရှေ့မင်းသား နာဂူဟီတိုသည် အောက်စဖို့ မာတွန် ကောလိပ်၌ ၁၉၈၃-၈၅တွင် ဘွဲ့လွန်သုတေသနလုပ်ခဲ့၏။

အောက်(စ)ဗရစ်ကို မြန်မာတို့ က အထင်ကြီးဖြစ်သွားစေရန် ဤသို့ ဖော်ပြနေခြင်း မဟုတ်ပါ။ ကမ္ဘာကိုထွက်ပြီး တန်းမီနိုင်ငံဖြစ်ရန် မြန်မာနိုင်ငံက အားထုတ်နေချိန်၌ မြန်မာလူကြီးလူငယ်တို့ သည် အောက်(စ)ဗရစ်၏ အခန်းကဏ္ဍကို သတိပြုမိစေလိုသောကြောင့် ဖြစ်ပါသည် ။ ကမ္ဘာအကြောင်း မြန်မာတို့ သိရန် ကြိုးပမ်းနေသော အချိန်အခါတွင် အောက်(စ)ဗရစ်ကို ချန်လှပ်ထား၍ မရနိုင်သေးကြောင်း အခြေအနေက ပြသနေဆဲ ဖြစ်ပါသည် ။

## ဟော့ကင်း၏ ဤစာအုပ်

ယခု ဤစာအုပ်တွင် စတီဖင်ဟော့ကင်းက သူ့မိသားစုအကြောင်း၊ အောက်(စ)ဗရစ်အကြောင်း ရေးသားသော ဆောင်းပါးများ ပါဝင်သည် ။ သူသည် အသက် ၂၀ခန့်မှ စတင်ပြီး ထူးဆန်းသော ကြွက်သားသေရောဂါ ရထားသူ ဖြစ်၏။ ကံကောင်း၍ အသက်ရှည်နေသူ ဖြစ်၏။ သူ့

ရောဂါအကြောင်းလည်း ရေးထားသည် ။ ဟော့ကင်း၏ A Brief History of Time သည် လေးနှစ်ကျော်မျှ အရောင်းရဆုံးစာအုပ် စာရင်းဝင်အဖြစ် စံချိန်တင်ထား၏။ ထိုစာအုပ်အကြောင်းလည်း ပါ၏။ ဟော့ကင်း၏ သုတေသနနှင့် ပတ်သက်သော ရူပဗေဒနှင့် ကောင်းကင်ဗေဒဆောင်းပါးများ လည်း ပါဝင်ပါသည် ။

ဟော့ကင်းသည် အင်္ဂလိပ်စာ အရေးအသား အလွန်ကောင်းသူ ဖြစ်၏။ အင်္ဂလိပ် ပညာတတ်အများ စု သူလိုမရေးတတ်ပါ။ သူ၏ စကားလုံးများ လွယ်ကူ၏။ ဝါကျများ ရှင်း၏။ နမူနာကြည့်ပါ။

(My father came from Yorkshire. His grandfather, mygreat-grandfather, had been a wealthy farmer,.... My mother was born in Glassgow, Scotland, the second child of seven of a family doctor. The family moved south to Devon when she was twelve. Like my father's family, her's was not well off,...). My family, My Parents Essay ကောင်းကောင်း ရေးပြလိုသော ဆရာ၊ ဆရာမများ ဖတ်ရှုဖွယ်ကောင်းလှ၏။

ထိပ်တန်းတက္ကသိုလ်မှ ထိပ်တန်ပညာရှင်၏ ဘဝနှင့် ပညာကို ၂၁ ရာစုအဝင်၌ မြန်မာလူကြီးလူငယ်တို့ သတိပြုစေလိုသော ဆန္ဒသည် ကျွန်တော်၌ ပြင်းပြလျက်ရှိပါသဖြင့် ကိုတာက အဖော်ညှိလာသောအခါ မဆိုင်းမတွလက်ခံပြီး အခန်း (၇)မှ (၁၃)အထိကို ခွဲထမ်းယူ၍ ဘာသာပြန်ဆိုလိုက်ခြင်း ဖြစ်ပါကြောင်း။

**ဘိုးလှိုင်**

# ကလေးဘဝ

(ဤအက်ဆေးနှင့် ဆက်တိုက် နောက်အက်ဆေးမှာ စက်တင်ဘာ ၁၉၈၇ ဖူးရစ်မြို့ နိုင်ငံတကာ မိုတာနျူးရွန်းရောဂါ အဖွဲ့အစည်းတွင် ဟောပြောခဲ့သော ဟောပြောချက်အပေါ်မှာ အခြေခံပါတယ်။ ဩဂုတ် ၁၉၉၁ တွင် ရေးခဲ့သော အက်ဆေးနှင့် လည်း ပေါင်းစပ်ထားပါတယ်)

ကျွန်တော်ကို ဇန်နဝါရီ ၈ရက်၊ ၁၉၄၂ ခုနှစ်မှာ မွေးတယ်။ ဂယ်လီလီယို သေပြီး နှစ်သုံးရာတိတိမှာ ပါ။ ဒါပေမဲ့ အဲဒီနေ့မှာ မွေးတဲ့ ကလေးတွေ ၂ သိန်းလောက်ရှိမယ်လို့ ခန့်မှန်းကြည့်မိတော့ အဲဒီကလေးတွေထဲက ဘယ်လောက်များများ နက္ခတ္တဗေဒ ပညာရပ်ကို စိတ်ဝင်စားမှာ ပါလိမ့်။ ကျွန်တော့်မိဘတွေက လန်ဒန်မြို့မှာ နေကြပေမယ့် ကျွန်တော့်ကို အောက်စဖို့ မှာ မွေးတယ်။ ဒုတိယကမ္ဘာစစ်အတွင်း အောက်စဖို့ ဟာ ကလေးမွေးဖို့ ကောင်းတဲ့ အရပ်ဖြစ်လို့ ပဲ၊ ဂျာမန်တွေနဲ့ သဘောတူညီချက်တစ်ခု ရှိထားသတဲ့ ၊ သူတို့ က အောက်စဖို့ ကိန်းဗရစ်ကို ဗုံးမကြဲဘူး၊ အင်္ဂလိပ်တွေကလည်း ဟိုက်ဒဲလ်ဘတ်နဲ့ ဂေါ့တင်ဂျင်ကို ဗုံးမကြဲရဘူးတဲ့ ။ ဒီလို လူယဉ်ကျေးတွေ လုပ်ရမယ့် သဘောတူညီချက်မျိုး တခြားမြို့ကြီးတွေပါအောင် မတိုးချဲ့နိုင်တာကတော့ သနားစရာကောင်းတယ်။

ကျုပ်အဖေက ယော့ရှိုင်းယားသားပဲ။ သူ့အဘိုး ကျုပ်အဘီကြီးက ချမ်းသာတဲ့ လယ်သမားကြီးတဲ့ ။ အဘီကြီးက လယ်တွေအများကြီး ဝယ်လိုက်တာ ဒီရာစုအစပိုင်း စိုက်ပျိုးရေးလုပ်ငန်းမှာ ကပ်ဆိုက်တော့ ဒေဝါ

လီခံရတယ်။ ကျုပ်အဖေရဲ့ မိဘတွေ မွဲကျန်ခဲ့တာပေါ့၊ ဒါပေတဲ့ ကျုပ်အဖေကိုတော့ အောက်စဖို့ ကို ပို့နိုင်အောင် ကြံဆောင်ကြတယ်။ အဖေက အောက်စဖို့ မှာ ဆေးပညာသင်တယ်၊ ပြီးတော့ အပူပိုင်း ဆေးပညာသုတေသန အလုပ်ထဲ ဝင်တယ်။ ၁၉၃၇ မှာ အရှေ့အာဖရိကကို ထွက်သွားတယ်။ စစ်ဖြစ်တော့ အာဖရိကကို ကုန်းလမ်းက ဖြတ်၊ ပြီးတော့ သင်္ဘောစီးပြီး အင်္ဂလန်ကို ပြန်တယ်။ ဗော်လံတီယာအဖြစ် စစ်ထဲဝင်ဖို့ လုပ်ခဲ့တယ်။ ဒါပေတဲ့ ဆေးသုတေသနမှာ ပဲ ပိုအသုံးကျမယ်လို့ ပြောလွှတ်ခံရသတဲ့ ။

ကျုပ်အမေက စကော့တလန် ဂလပ်စဂိုမှာ မွေးတယ်။ ကလေးခုနစ်ယောက်ရှိတဲ့ ဆရာဝန်မိသားစုမှာ ဒုတိယမြောက်ပေ့ါ၊ ကျုပ်အမေအသက်ဆယ့်နှစ်နှစ်ပြည့်တော့ မိသားစုက တောင်ပိုင်း ဒက်ဗွန်မြို့ကို ပြောင်းတယ်။ အဖေ့မိသားစုလိုပဲ အမေ့မိသားစုလည်း ကြွယ်ပိုးကြွယ်ဝ မဟုတ်ဘူး ။ ဒါပေတဲ့ လည်း အမေ့ကိုတော့ အောက်စဖို့ ကို ပို့ကြပါတယ်။ အမေ့ခမျာ အောက်စဖို့ က ကျောင်းပြီးတဲ့ အခါ အလုပ်ပေါင်းစုံ လုပ်ရတယ်။ အခွန်အကောက် စစ်ဆေးသူလည်း လုပ်ရတယ်။ အမေက ဒီအလုပ်ကိုတော့ မကြိုက်တာနဲ့ စွန့်ပြီး စက္ကရီတေရီ ပြောင်းလုပ်တယ်။ ဒီနည်းနဲ့ ပဲ စစ်ဖြစ်စ နှစ်တွေမှာ ကျုပ်အဖေနဲ့ တွေ့တာပါ။

ကျုပ်တို့ က လန်ဒန်မြောက်ပိုင်း ဟိုက်ဂိတ်မှာ နေတယ်။ ကျုပ်နှမ မေရီကို ကျုပ်နောက် ၁၈လ ကြာတော့ မွေးပါတယ်။ မေရီ မွေးလာတာကို ကျုပ်က မကြိုက်လှဘူးလို့ ပြောကြတယ်။ ကလေးဘဝ တစ်လျှောက်လုံးမှာ ကျုပ်နဲ့ သူ့အကြား အဆင်မပြေလှဘူး၊ တစ်ယောက်နဲ့ တစ်ယောက် အသက်ချင်း မကွာလှတာလည်း တစ်ကြောင်းပေ့ါ။ အသက်ရလာတဲ့ အခါမှာ တော့ အဆင်ပြေလာပါတယ်။ ကိုယ့်ဘဝ သူ့ဘဝ လမ်းတစ်မျိုးစီ လျှောက်တာကိုး။ မေရီက ဆရာဝန်တစ်ယောက် ဖြစ်လာတ

ယ်၊ အဖေက သဘောကျတာပေါ့၊ ကျူပ်နှမအငယ် ဖီလစ်ပါကိုတော့ ကျူ ပ် ငါးနှစ်သားလောက်ရှိမှ ပဲ မွေးတယ်၊ ကျူပ်လည်း ပဲ အကျိုးရယ် အကြောင်းရယ် သိလာတဲ့ အချိန်မှာ ပေါ့။ ဖိလစ်ပါမွေးလာတာကို ကျူပ် မျှော်လင့်စောင့်စားနေတာကို မှတ်မိနေတယ်။ အတူတူကစားဖို့ သုံး ယောက်ရပြီး၊ ဖိလစ်ပါကတော့ တော်တော်လည်း သိတဲ့ ကလေးလေး၊ သူ့ရဲ့ အမြင်နဲ့ ဆုံးဖြတ်တာတွေကို ကျူပ် အမြဲလေးစားရတယ်။ ကျူပ်ညီ အက်ဒဝပ်ကိုတော့ ကျူပ် ဆယ့်လေးနှစ်ရှိမှ မွေးတယ်။ ဒါကြောင့် ကျူပ် ကလေးဘဝမှာ တော့ ကျူပ်ညီအက်ဒဝပ် မပါဘူး၊ သူက တခြားသုံး ယောက်နဲ့ မတူဘူး၊ စာသင်တာလည်း လုံးဝစိတ်မဝင်စား ပညာကိုလည်း စိတ်မဝင်စားဘူး၊ ဒါလည်း ကျူပ်တို့ အတွက် ကောင်းချ င်ကောင်းမှာ ပဲ၊ ပြောရခက်တဲ့ ကလေးဆိုပေမယ့် လူတွေက သူ့ကို မချ စ်ခင်ဘဲတော့လည်း မနေနိုင်ကြဘူး။

အစောဆုံး ကျွန်တော် မှတ်မိတာက ဟိုက်ဂိတ်က ကလေးကျောင်း ဘိုင်ရွန်ဟောက်စ်မှာ ကျွန်တော်မတ်တပ်ရပ်ပြီး အတင်းအော်ငိုနေတာပဲ ၊ ကျွန်တော့်ပတ်ပတ်လည်မှာ ပျော်စရာကောင်းမယ်ထင်ရတဲ့ ကစားစ ရာတွေနဲ့ ကလေးတွေ ကစားနေကြတယ်။ ကျွန်တော်က သူ့တို့ ထဲ ပါချ င်တယ်၊ ဒါပေတဲ့ ကျွန်တော်က နှစ်နှစ်ခွဲပဲ ရှိသေးတဘ်၊ ကိုယ့်မသိတဲ့ လူ တွေထဲမှာ ပထမဆုံးနေရတာ၊ ကျွန်တော့် မိဘတွေက ကျွန်တော့်တုံ့ပြန် မှုကို ကြည့်ပြီး အံ့ဩချင် အံ့ဩမိမယ်၊ ကျွန်တော်က သားဦးဖြစ်နေတာ ကိုး၊ ပြီးတော့ ကလေးတွေအနေနဲ့ နှစ်နှစ်အရွယ်ကစပြီး ပေါင်းသင်းဆ က်ဆံရေးလုပ်ရမယ်လို့ ညွှန်းကြတဲ့ ကလေးဖွံ့ဖြိုးရေး စာအုပ်တွေလည်း ဖတ်ထားကြတာကိုး။ ဒါပေတဲ့ အဲဒီ စိတ်ပျက်စရာ မ နက်ခင်းမှာ ပဲ ကျွန်တော့်ကို အိမ်ပြန်ခေါ်သွားပြီးနောက် တစ်နှစ်ခွဲအထိ ဘိုင်ရွန်ဟောက်စ်ကို ပြန်မပို့တော့ဘူး။ အဲဒီအချိန် စစ်ကြီးအတွင်းနဲ့

စစ်ပြီးစမှာ ဟိုက်ဂိတ်အရပ်ဟာ သိပ္ပံပညာရှင်များ နဲ့ အကယ်ဒမစ်က လူအတော်များများ နေထိုင်တဲ့ အရပ်ပေါ့။ တခြားနိုင်ငံတွေမှာ ဆိုရင် တော့ အဲဒီသူတွေကို ပညာတတ်တွေလို့ ခေါ်ကြမှာ ပေါ့။ အင်္ဂလိပ်တွေ ကတော့ သူတို့ မှာ ပညာတတ်တွေရှိတယ်လို့ ဝန်ခံလေ့ရှိတာ မဟုတ် ဘူး ။ သူတို့ အားလုံးက သူတို့ ကလေးတွေကို ဘိုင်ရွန်ဟောက်စ်ကျောင်းကို ပို့ကြတယ်။ ဘိုင်ရွန်ဟောက်စ်ကျောင်း ဟာ အဲဒီကာလတွေရဲ့ တိုးတက်တဲ့ ကျောင်းမျိုးမို့ပဲ။ ကျွန်တော်က ကျွန် တော့် မိဘတွေကို သူတို့ က ဘာမှ လည်း သင်မပေးဘူးလို့ တိုင်ခဲ့ဖူးတာ မှတ်မိသေးတယ်။ ဘိုင်ရွန်ဟောက်စ်ကျောင်းက အဲဒီကာလမှာ လက်ခံကြစမြဲ လေ့ကျင့်ခန်း ထပ်ချည်းတလဲလဲလုပ်ပြီး ခေါင်းထဲကို သွ င်းတာမျိုးကို မယုံကြည်ဘူး၊ သင်နေရမှန်း မသိလိုက်ဘဲ သင်လိုက်တာမျိုး ဖတ်တတ်သွားတာမျိုးကိုပဲ လုပ်တယ်၊ အဆုံးမတော့ ကျွန်တော်လည်း စာဖတ်တတ်သွားတာပေါ့။ ဒါပေတဲ့ အသက် ၈နှစ်မှ စာဖတ်တတ်တယ်။ ကျွန်တော့်နှမ ဖီလစ်ပါကိုတော့ ရှေးရိုးသင်နည်းနဲ့ ပဲ သင်တယ်။ သူက အသက် ၄နှစ်မှာ စာဖတ်တတ်တယ်၊ ဒါပေတဲ့ အဲဒီ တုန်းက သူက ကျွန်တော့်ထက် ဉာဏ်ကောင်းတာတော့ သေချာတယ်။

ကျွန်တော်တို့ က ဝိတိုရီယခေတ် အိမ်ကျဉ်းကျဉ်း ခပ်မြင့်မြင့် တစ် လုံးမှာ နေကြတယ်။ လန်ဒန်ကတော့ ပြားနေအောင် ဗုံးကြဲခံရမှာ ပဲလို့ တွက်ကြပြီး စစ်ကြီးအတွင်း ဈေးပေါပေါရတုန်း ကျွန်တော့်မိဘများ ဝ ယ်ခဲ့တဲ့ အိမ်မှာ ပေါ့၊ တကယ်လည်း ဗွီ ၂ဒုံးကျည်တစ်လုံး ကျွန်တော်တို့ နားက အိမ်တွေပေါ်ကျခဲ့သေးတယ်။ ကျွန်တော်က အမေရယ် နှမရယ်နဲ့ အတူတူ တစ်နေရာရောက်နေတုန်းမှာ ပါ၊ အဖေကတော့အိမ်မှာ ရှိတ ယ်။ ကံကောင်းထောက်မလို့ သူလည်း ဘာမှ မဖြစ်ဘူး။ အိမ်လည်း ဆိုး ဆိုးဝါးဝါး မပျက်စီးဘူး၊ ဒါပေတဲ့ နှစ်တော်တော်ကြာကြာ လမ်းထဲမှာ

ဗိုးကျောင်းကြီးရှိပြီး အဲဒီမှာ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ဟောင်းဝဒ်တို့ ကစားကြတယ်။ ဟောင်းဝဒ်က တခြားဘက် ၃အိမ်ကျော်မှာ နေတယ်။ ဟောင်းဝဒ်မိဘတွေက ကျွန်တော့်အသိ တခြားကလေးတွေရဲ့ မိဘတွေလို ပညာတတ်တွေ မဟုတ်ကြလို့ ကျွန်တော်ဟောင်းဝဒ်ကို သတိရနေတာပါ။ သူက "ကောင်ဆယ်" ကျောင်းကို တတ်တယ်။ ဘိုင်ရှန်ဟောက်စ်ကို မတတ်ဘူး၊ သူက ဘော်လုံး၊ လက်ဝှေ့တတ်တယ်၊ ဘော်လုံးတို့၊ လက်ဝှေ့တို့ က ကျွန်တော့် မိဘများက ကျွန်တော်တို့ ကို ကစားစေဖို့ အိပ်မက်တောင် မမက်တဲ့ ကစားနည်းတွေပေါ့။

နောက်ငယ်ငယ်တုန်းကဟာကို မှတ်မိနေတာ တစ်ခုက ကစားစရာ မီးရထားလေး ရတာကိုပဲ၊ စစ်ကြီးထဲမှာ ဆိုတော့ ကလေးကစားစရာတွေ မထုတ်လုပ်ဘူး၊ ပြည်တွင်းဈေးကွက်အတွက် မထုတ်ဘူးပေါ့၊ ဒါပေတဲ့ ကျွန်တော်က မီးရထားမိုဒယ်လေးတွေကို အလွန်စိတ်ဝင်စားတယ်။ အမေကလည်း သစ်သားရထားတစ်ခု လုပ်ပေးတယ်။ သစ်သားရထားနဲ့ တင် ကျွန်တော်က မကျေနပ်ဘူး၊ ဒီထက်ကောင်းတဲ့ ရထားလေးလိုချင်တာ၊ ဒါနဲ့ အဖေလည်း သံပတ်ပေးရတဲ့ ရထားအဟောင်းလေးတစ်ခုရခဲ့တော့၊ နည်းနည်းပြင်ပြီး ခရစ္စမတ်မှာ ကျွန်တော့်ကို ပေးတယ်၊ အဲဒီတုန်းက ကျွန်တော်က ၃နှစ်နီးပါးပဲ ရှိသေးတယ်။ ရထားက ကောင်းကောင်း မသွားဘူး၊ စစ်ပြီးစမှာ အဖေက အမေရိကကို ထွက်သွားရတယ်။ ကွင်းမေရီ သင်္ဘောကြီးနဲ့ ပြန်လာတော့ အမေ့ဖို့ နိုင်လွန်စတွေ အဲဒီအချိန်တုန်းက ဗြိတိန်မှာ မရနိုင်တဲ့ အထည်တွေ ဝယ်ခဲ့တယ်။ မေရီအတွက် ပက်လက်လှဲအိပ်လိုက်ရင် မျက်စိတွေမှိတ်သွားတဲ့ မိန်းမအရုပ်ကလေး အဲ...ကျွန်တော့်အတွက်တော့ အမေရိကန်လုပ် မီးရထား... မီးရထားလမ်းရော တွဲစောင့်ရောပါတယ်။ သေတ္တာဖွင့်ကြည့်တော့ ပျော်တဲ့ အပျော်ကို ခုထိ ကျွန်တော်မှတ်မိတယ်။

သံပတ်ပေးရတဲ့ ရထားတွေက ကောင်းတော့ ကောင်းပါတယ်။ ဒါပေတဲ့ ကျွန်တော်တကယ်လိုချင်တာက လျှပ်စစ်ရထားပါ။ ဟိုက်ဂိတ်နားက ခရောက်အဲန်မှာ မီးရထားလမ်းပုံ မိုဒယ်ရှိတယ်။ အချိန်တော်တော်များများ အဲဒီမိုဒယ်ကို ကျွန်တော်သွားကြည့်တယ်။ ကျွန်တော်က လျှပ်စစ်ရထား အိပ်မက် မက်နေတာ၊ အဆုံးမတော့ ကျွန်တော့် မိဘနှစ်ပါး အဝေးသွားနေတုန်း အခွင့်ကောင်းယူပြီး စာတိုက်ဘဏ်က ငွေတွေ သွားထုတ်တာပဲ။ လူကြီးတွေ အခါကြီး ရက်ကြီးတွေ ဥပမာ ရေဖျန်းမင်္ဂလာလိုမှာ ကျွန်တော့်ကို ပေးကမ်းထားတဲ့ ငွေအနည်းအကျဉ်းပါ။ အဲဒီငွေကို လျှပ်စစ်မီးရထားတစ်စုံ ဝယ်လိုက်တယ်။ ဒါပေတဲ့ စိတ်ပျက်စရာအတော်ကောင်းတာ၊ ကျွန်တော်ဝယ်ခဲ့တဲ့ မီးရထားက မသွားဘူး။ ယခုလိုအချိန်မှာ တော့ ဝယ်သူ့အခွင့်အရေး ဘာညာ ရှိတာပေ့ါ၊ ကျွန်တော်က ဆိုင်ကို တစ်စုံလုံး ပြန်ယူသွားပြီး လဲပေးဖို့ ပြောရမှာ ပေ့ါ။ ဒါပေတဲ့ ဟိုတုန်းကတော့ ဝယ်လို့ ရတာကိုက အခွင့်အရေးကြီး တစ်ခုလို့ တွေးလေ့ရှိကြတာ၊ ပြီးတော့ ချွတ်ယွင်းနေတာကတော့ ကိုယ့်ကံမကောင်းတာမို့ မဟုတ်လား။ ဒါနဲ့ အင်ဂျင်က လျှပ်စစ်မော်တာကို ပြင်ဖို့ ထပ်ပိုက်ဆံပေးရတယ်။ ဒါလည်း ပဲ အလုပ်မဖြစ်ပါဘူး။

နောက်များမှာ တော့ ဆယ်ကျော်သက်အရွယ်မှာ လေယာဉ်ပျံ၊ လှေစတဲ့ မိုဒယ်တွေ ကျွန်တော် ဆောက်တယ်။ ကျွန်တော့်လက်မှု ပညာကတော့ သိပ်မကောင်းဘူး၊ ဒါပေတဲ့ ကျွန်တော့်မှာ ဂျွန်မက်ကလီနာဟန်ဆိုတဲ့ ကျောင်းနေဘက်သူငယ်ချင်း ရှိတယ်။ သူက ပိုတော်တယ်၊ သူ့အဖေကလည်း အိမ်မှာ ဝပ်ခ်ရှော့ရှိတယ်။ ကျွန်တော့် ရည်မှန်းချက်က ကျွန်တော်လည်း ပဲ ကွန်ထရိုးလုပ်နိုင်၊ တကယ်လည်း သွားတဲ့ အရုပ်လေးတွေ လုပ်ဖို့ ပဲ။ ပုံပန်းသဏ္ဌာန်ကိုတော့ ဂရုမစိုက်ဘူး။ အဲသည်စိတ်ဆန္ဒမျိုးကပဲ တခြားသူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ရော်ဂျာ ဖာ

နေဟူးနဲ့ တွဲပြီး ဂိမ်းတွေတီထွင်ဖို့ တောင် တွန်းအားပေးခဲ့တယ်လို့ ကျွန်တော် တွေးမိတယ်။ ပစ္စည်းထုတ်လုပ်တဲ့ ဂိမ်းဆိုရင် အရောင်အမျိုးမျိုးခြယ်ထားတဲ့ စက်ရုံတွေရှိမယ်၊ ပစ္စည်းသယ်မယ့် ကားလမ်း ရထားလမ်းတွေပါမယ်၊ စတော့ဈေးကွက်လည်း ပါမယ်။ စစ်ပွဲဂိမ်းလည်း ရှိသေးတယ်၊ စတုရန်းကွက် ၄၀၀၀ ရှိတဲ့ ဘုတ်ခုံပေါ်မှ ကစားရတာ။ မြေရှင်ဂိမ်းမှာ တော့ မြေရှင်တစ်ယောက်ယောက်ဟာ မင်းဆက်တစ်ခု၊ မိသားစုဇယားတစ်ခုနဲ့ ။ ဒီဂိမ်းတွေ၊ ရထား၊ လှေ၊ လေယာဉ်ပျံတွေ အားလုံးဟာ ကိစ္စဝိစ္စတွေ ဘယ်လိုဖြစ်ပျက်နေသလဲဆိုတာကို သိချင်စိတ်နဲ့ ကျွန်တော်တွေးမိတယ်။ ကျွန်တော် ဒေါက်တာဘွဲ့ စလုပ်တဲ့ အခါမှာ စကြဝဠာဗေဒ သုတေသန လုပ်တာကလည်း ဒီစိတ်ဆန္ဒကြောင့် ပါပဲ၊ ခင်ဗျားအနေနဲ့ စကြဝဠာ ဘယ်ပုံ အလုပ်လုပ်တယ်ဆိုတာကို သိတယ်ဆိုပါစို့၊ အဲဒါဟာ တစ်နည်းတစ်လမ်းအားဖြင့် စကြဝဠာကို ကွန်ထရိုးလုပ်တာပဲပေါ့။

၁၉၅၀မှာ ကျွန်တော့်အဖေ အလုပ်ဌာနဟာ ဟိုက်ဂိတ်နားက ဟမ်းစတက်ကနေ၊ လန်ဒန်မြောက်အစွန် ဂါမေးလ်ဟေး က အသစ်ဆောက်ထားတဲ့ အမျိုးသား ဆေးသုတေသနဌာနကို ပြောင်းတယ်။ ဟိုက်ဂိတ်မှာနေပြီး အ လုပ်သွားဖို့ ထက် လန်ဒန်မြို့ပြင်ဘက်၊ ရွှေ့နေပြီး မြို့ထဲကို ပြန်ဝင်ရတာက ပိုသင့်တော်တော့တာပေါ့။ ဒါကြောင့် ကျွန်တော့်မိဘတွေက စိန့်အဲလ်ဘန်မြို့မှာ အိမ်တစ်လုံး ဝယ်လိုက်တယ်။ လန်ဒန်မြောက်ပိုင်းက မိုင် ၂၀၊ မေးလ်ဟေးက ၁၀မိုင် အကွာမှာ ။ အထိုက်အလျောက်ကျက်သရေရှိ အဆင့်အတန်းရှိတဲ့ ဝိတိုရိယခေတ်အိမ်ကြီးတစ်လုံးပါ။ ဝယ်တုန်းက ကျွန်တော့်မိဘတွေဟာ ကြွယ်ပိုးကြွယ်ဝ မဟုတ်ဘူး ၊ ပြီးတော့ ပြောင်းမလာခင် အိမ်မှာ ပြင်စရာ အများကြီး ရှိနေတယ်။ ကျွန်တော့် အဖေကတော့ ရော့ရှိုင်းယားနယ်သားပီပီ နောက်ထပ်ပြင်စရာအ

တွက် အကုန်မခံတော့ဘူး၊ ငွေကုန်ခံမယ့်အစား၊ ကြိုးစားပြီး ဖြစ်အောင် နေတယ်။ ဆေးတော့ သုတ်တယ်။ အိမ်ကလည်း ကြီး၊ သူကလည်း ဒါမျိုးမှာ သိပ်မကျွမ်းကျင်ဘူး၊ အိမ်က ခိုင်ခိုင်ခန့်ခန့် ဆောက်ထားတော့ ပစ်ထားလည်း ဘာမှ တော့ မဖြစ်ဘူး။ ၁၉၈၅ ခုမှာ တော့ ကျွန်တော့်မိဘတွေက ရောင်းပစ်လိုက်တယ်၊ အဖေက အလွန် မကျန်းမာနေလို့ ပါ။ (၁၉၈၆မှာ အဖေဆုံးတယ်)၊ သိပ်မကြာသေးခင်က အိမ်ကြီးကို ပြန်တွေ့ရတော့ အရင်ကအတိုင်းပဲ၊ ဘာမှ ပြင်ဟယ်ဆင်ဟယ် လုပ်ထားပုံ မပေါ်ဘူး။

အိမ်ရဲ့ ဒီဇိုင်းက အစေခံတွေရှိတဲ့ မိသားစုတစ်စုအတွက် ဆောက်လုပ်ထားတာမို့ပါ၊ စတိုခန်းထဲမှာ ဘဲလ်မြည်တာကို အချက်ပြတဲ့ ဘုတ်ပြားတစ်ခုရှိတယ်။ ကျွန်တော်တို့ မှာ တော့ အစေခံ ဘယ်ရှိမလဲ၊ ကျွန်တော့် အိမ်ခန်းက L ပုံ အခန်း သေးကလေး၊ အိမ်ဖော်တစ်ယောက်ရဲ့ အခန်းဖြစ်ခဲ့ပုံရတယ်။ ကျွန်တော်ကတော့ နှမဝမ်းကွဲ ဆာရာရဲ့ အကြံပေးချက်အရ အဲဒီအခန်းကိုယူလိုက်တယ်။ ဆာရာက ကျွန်တော့်ထက် အသက်နည်းနည်းကြီးတယ်၊ ကျွန်တော်က သူ့ကို တော်တော်ချစ်တယ်။ သူပြောတာက အဲဒီအခန်းက နေလို့ ကောင်းမတဲ့ ၊ ပြတင်းပေါက်ကနေ စက်ဘီးတွေထားတဲ့ အခန်းရဲ့ အမိုးပေါ်ကို တက်ပြီးတော့ အဲဒီကတစ်ဆင့် မြေကြီးပေါ် ဆင်းနိုင်တယ်။

ဆာရာက ကျွန်တော့် အမေရဲ့ အမအကြီးဆုံး ဂျဲနက်ရဲ့ သမီးပေ့ါ၊ ဂျဲနက်က သူကိုယ်တိုင်လည်း ဆရာဝန်၊ စိတ်ရောဂါကုဆရာဝန်တစ်ယောက်နဲ့ လည်း လက်ထပ်ထားတယ်။ သူတို့ က ကျွန်တော်တို့ နဲ့ ၅မိုင်လောက်ဝေးတဲ့ ဟာပင်ဒင်ဆိုတဲ့ ရွာမှာ ကျွန်တော်တို့လို အိမ်နဲ့ နေကြတယ်။ စိန့်အဲလ်ဘန်ကို ကျွန်တော်တို့ ပြောင်းခဲ့တာ သူတို့ ရှိနေလို့ လည်း တစ်ကြောင်းပေ့ါ၊ ဆာရာတို့ နဲ့ နီးတာ ကျွန်တော်တို့ အတွက် အင်မတန်

ကောင်းတာ၊ ဟာပင်ဒင်ကို ဘတ်စ်ကားနဲ့ ကျွန်တော် မကြာခဏသွားတယ်၊ စိန့်အဲလ်ဘန်က ရှေးရောမမြို့ဟောင်း ဗီယူလာမီယမ်နဲ့ ကပ်နေတယ်၊ ဗီယူလာမီယမ်ကတော့ ရောမတွေ အခြေစိုက်ခဲ့ရာမှာ ဗြိတိန်မှာတော့ လန်ဒန်ပြီးရင် အရေးအကြီးဆုံးနေရာပဲ။ အလယ်ခေတ်တုန်းက ဗြိတိန်မှာ အချမ်းသာဆုံး ဘုန်းကြီးကျောင်းဟာ ဗီယူလာမီယမ်မှာ ရှိတယ်၊ စိန့်အဲလ်ဘန်ကို ဝပ်ပြုတဲ့ နေရာတစ်ဝိုက်မှာ ဆောက်ထားတယ်၊ စိန့်အဲလ်ဘန်ကတော့ ဗြိတိန်မှာ ခရစ်ယာန် အယူယူလို့ ကွပ်မျက်ခံရတဲ့ ပထမဆုံး ရောမသားတဲ့ ။ ကြွင်းကျန်ရစ်ခဲ့တဲ့ ဘုရားကျောင်းကတော့ အလွန်ကြီးမားပြီး အရုပ်ဆိုးဆိုး ကျောင်းကြီးပဲ၊ ယခုတော့ စိန့်အဲလ်ဘန်ကျောင်း ဖြစ်လာတာပေါ့၊ နောက်ပိုင်းတော့ အဲဒီမှာ ကျွန်တော် ကျောင်းတတ်တယ်။

စိန့်အဲလ်ဘန်က ဟိုက်ဂိတ်တို့ ဟာပင်ဒင်တို့ နဲ့ နှိုင်းရင် ပျင်းစရာကောင်း ရှေးဆန်တဲ့ နေရာ။ ကျွန်တော်မိဘတွေမှာ လည်း မိတ်ဆွေတစ်ယောက်တလေတောင် မရှိဘူး၊ ကျွန်တော့်မိဘတွေရဲ့ အပြစ်လည်း နည်းနည်းပါမယ်၊ သူတို့ က သူတို့ သဘာဝအတိုင်း သီးသီးသန့်သန့် နေကြတာကိုး၊ အထူးသဖြင့် အဖေပေါ့၊ ဒါပေတဲ့ စိန့်အဲလ်ဘန်က လူတွေကိုက ကျွန်တော်တို့ နဲ့ သိပ်မတူဘူး၊ ကျွန်တော့် ကျောင်းနေဖက် သူငယ်ချင်းတွေရဲ့ မိဘတစ်ဦးတလေမှ ပညာတတ်တွေ မဟုတ်ကြဘူး။

ဟိုက်ဂိတ်မှာ ကျွန်တော်တို့ မိသားစုဟာ ရိုးရိုးသာမန် မိသားစုမျိုးပဲ၊ ဒါပေတဲ့ စိန့်အဲလ်ဘန်မှာ တော့ ကျွန်တော့်တို့ ကို အများ နဲ့ မတူတဲ့ ကြောင်စီစီမိသားစုလို့ ယူဆကြတယ်။ အဖေ့ကြောင့် ကြောင်စီစီတွေလို့ ပိုထင်ကြတယ်၊ အဖေက အဝတ်အစားကို ဂရုစိုက်တာ မဟုတ်ဘူး ၊ ပိုက်ဆံ မကုန်မကျရင် ပြီးရောပဲ၊ သူငယ်ငယ်က သူ့မိသားစုက အလွန်ဆင်းရဲခဲ့တာကိုး၊ အဲဒီအဖြစ်ဟာ သူ့စိတ်ထဲမှာ စွဲနေတော့၊ သက်သောင့်သ

က်သာဖြစ်ဖို့ အတွက် ပိုက်ဆံသုံးရမှာ သိပ်ဝန်လေးတယ်။ အသက်ကြီး လာပြီး တတ်နိုင်လာတဲ့ အခါမှာ တောင် မသုံးဘူး။ ရာသီဥတု အလွန်ဆိုးဆိုးဝါးဝါးအေးသော်မှ အပူပေးစနစ် အိမ်မှာ မတပ်ဘူး။ ဆွယ်တာ အင်္ကျီ အထပ်ထပ်ဝတ်ပြီး အဲဒီအပေါ်ကမှ အပေါ်အင်္ကျီရှည်ကြီးဝတ်ပြီး နေတယ်။ ဒါပေတဲ့ တခြားလူတွေအပေါ်ပေးရာကမ်းရာမှာ တော့ ရက်ရောပါတယ်။

၁၉၅၈မှာ ကားအသစ်တော့ မဝယ်နိုင်သောက်ဘူးလို့ ကျွန်တော့် အဖေက တွက်တယ်။ ဒါနဲ့ စစ်ကြိုခေတ် လန်ဒန်တက္ကစီတစ်စီးပဲ ဝယ်လိုက်တယ်။ ကားထားဖို့ ကျွန်တော်ရယ် အဖေရယ် တဲတစ်လုံးထိုးတယ်။ အိမ်နီးနားချင်းတွေက ကြည့်မရဘူး ဖြစ်ကုန်တာပေ့ါ၊ ဒါပေတဲ့ သူတို့ တားလို့ လည်း မရဘူး၊ လူငယ်ဆိုတာ ပတ်ဝန်းကျင်နဲ့ လိုက်လျောဖို့ လိုမယ်လို့ ကျွန်တော်ကတော့ ခံစားရပြီး အဖေတို့ ကြောင့် ကသိကအောင့် ဖြစ်တယ်။ ဒါပေတဲ့ အဖေတို့ ကတော့ ဘာမှ ဖြစ်ပုံမရဘူး။

စိန့်အဲလ်ဘန်မှာ အမျိုးသမီးအထက်တန်းကျောင်းကို ကျွန်တော်တက်ရတယ်။ အမျိုးသမီးကျောင်း ဆိုသော်လည်း အသက် ၁၀နှစ်ထိ ယောက်ျားလေးတွေ လက်ခံတယ်။ အဲဒီမှာ တစ်နှစ်တက်ပြီးတော့ အဖေက နှစ်တိုင်းသွားနေကျ အာဖရိကကို သွားရတယ်။ အဲဒီအခေါက်က ၄လထိကြာတယ်။ အမေက အိမ်မှာ ဒီလောက်အကြာကြီး ကျန်မနေခဲ့ချင်ဘူး။ ကျွန်တော်နဲ့ ကျွန်တော့်နှမနှစ်ယောက်ကို ခေါ်ပြီး ကျောင်းနေဘက် သူ့သူငယ်ချင်း ဘီရိုင်းဆီ အလည်သွားကြတယ်၊ ဘီရိုင်းက ရောဘတ်ဂရေဗ့်ဆိုတဲ့ ကဗျာဆရာနဲ့ အိမ်ထောင်ကျထားတယ်။ စပိန်မာယော်ကာကျွန်းပေါ်က ဒေယာဆိုတဲ့ ရွာကလေးတစ်ရွာမှာ သူတို့ က နေကြတာ၊ စစ်ကြီးပြီးလို့ ငါးနှစ်ပဲ ရှိသေးတယ်။ ဟစ်တလာတို့ မူဆိုလီနီတို့ ရဲ့ မဟာမိတ်၊ အာဏာရှင် ဖရန်ကို အုပ်စိုးနေတုန်း အချိန်ပေ့ါ။ (ဖရန်ကိုက

နောက်နှစ်နှစ်ဆယ်ထိတောင် အာဏာရှင်အဖြစ် တည်မြဲနေတာ) စစ်မဖြစ်ခင်က ကွန်မြူနစ်လူငယ်အသင်းဝင် ဖြစ်ခဲ့တဲ့ အမေဟာ က လေးသုံးယောက်နဲ့ မာယော်ကာကို လှေတစ်တန်၊ ရထားတစ်တန် သွား ခဲ့ပါတယ်။ ဒေယာမှာ အိမ်တစ်လုံး ငှားနေကြတာပေ့ါ။ အလွန်ပျော်စရာ ကောင်းတဲ့ ကာလတွေပ့ါ။ ကျွန်တော်က ရောယတ်ရဲ့ သား ဝီလျံနဲ့ အတူ ကျူတာဆရာတစ်ယောက်နဲ့ စာသင်တယ်။ ကျူတာက ရောဘတတ်ရဲ့ တပည့်ဖြစ်ပြီး ကျွန်တော်တို့ ကို စာသင်ဖို့ ထက် အက်ဒင်ဘတ်ပွဲအတွ က် ပြဇာတ်ရေးဖို့ ပို စိတ်ဝင်စားတယ်။ ဒါနဲ့ ကျွန်တော်တို့ ကို နေ့တိုင်း လိုလိုပဲ သမ္မာကျမ်းစာက အခန်းတစ်ခန်းကို ဖတ်စေပြီး စာတစ်ပုဒ် ပြန် ရေးခိုင်းတာပါပဲ။ အင်္ဂလိပ်ဘာသာစကားရဲ့ အလှအပကို ကျွန်တော်တို့ ကို သင်ပေးမလို့ တဲ့ ။ ဓမ္မဟောင်းက ပထမပိုင်း တစ်ခုလုံးနဲ့ အိတ်ဇိုးဒပ် စ်က အပိုင်းတစ်ပိုင်း ပြီးသွားတယ်။ ကျွန်တော့်ကို ဘာသင်လိုက်သလဲ ဆိုတော့ ဝါကျတစ်ကြောင်းကို စရင် "ထို့နောက်" နဲ့ မစသင့်ဘူးတဲ့ ၊ သ မ္မကျမ်းစာထဲက ဝါကျအများ စုကတော့ "ထို့နောက်" နဲ့ စတာပဲတို့ ပြန်ပြောတော့ ဂျိမ်းစ်ဘုရင်လက်ထက်ကတည်းက အင်္ဂလိပ်စာပေက ပြောင်းလဲခဲ့ပြီကွလို့ ပြောပြန်တယ်။ ဒီလိုဆိုရင် သမ္မာကျမ်းစာကို ကျွန် တော်တို့ ကို ဘာကြောင့် အဖတ်ခိုင်းသလဲလို့ ငြင်းပြန်တော့လည်း ဘာ မှ မထူးပါဘူး၊ ရောယတ်ဂရေဗ့်ဟာ သင်္ကေတဝါဒနဲ့ သမ္မာကျမ်းလာ ဂမ္ဘီ ရတွေကို အဲဒီအချိန်က အလွန်စိတ်ဝင်စားနေတာကိုး။

မာယော်ကာက ပြန်ရောက်တော့ နောက် တစ်ကျောင်းကို ပို့ပြန်တ ယ်၊ တစ်နှစ်ကြာတယ်။ အဲဒီမှာ "၁၁တန်းအထက်" စာမေးပွဲ ဖြေရတယ် ။ နိုင်ငံတော် ပညာသင်စရိတ် ရလိုသူ ကျောင်းသားတိုင်းဖြေရတဲ့ ဉာဏ် စမ်းစာမေးပွဲပေ့ါ။ အဲဒီစာမေးပွဲကို ယခုတော့ ဖျက်လိုက်ပါပြီ၊ အလယ် တန်းကျောင်းသားအများ စုက အဲဒီစာမေးပွဲကျပြီး အကယ်ဒမစ်မဟုတ်

တဲ့ ကျောင်းတွေကို ရောက်သွားကြလို့ တဲ့ ။ ကျွန်တော်က သင်ရိုးသင်ခန်းစာတွေထက် ဉာဏ်စမ်းတွေမှာ ပိုဖြေနိုင်လေ့ရှိတယ်။ ၁၁တန်းအထက် စာမေးပွဲအောင်ပြီး စိန့်အဲလ်ဘန်ကျောင်းမှာ အခမဲ့ ပညာသင်ခွင့်ရတယ်။

ကျွန်တော် ၁၃နှစ်ရှိတော့ နာမည်ကြီး ပရိုက်ဗိတ်ကျောင်း တစ်ကျောင်းဖြစ်တဲ့ ဝက်စ်မင်စတာကျောင်းမှာ တတ်ခွင့်ရအောင် အဖေက ကျွန်တော့်ကို ကြိုးစားခိုင်းတယ်။ အဲဒီခေတ် ပညာရေးမှာ က လူမှုအဆင့်အတန်းကို လိုက်ပြီး ခွဲခြားတဲ့ စနစ်ရှိတယ်။ သူ့တုန်းက ဟန်ပန်မရှိတာရယ်၊ အဆက်အသွယ်မရှိတာရယ်ကြောင့် သူ့လောက် အရည်အချင်းမရှိပေမယ့် လူမှုဆက်ဆံရေး ပိုတော်တဲ့ လူတွေက သူ့ကို ကျော်တတ်ကြတယ်လို့ အဖေက ထင်နေတာ၊ မိဘက မချမ်းသာတော့ ကျွန်တော့်အနေနဲ့က စကောလားရှစ်ရမှ ဖြစ်မယ်။ ဒါပေတဲ့ စကောလားရှစ် စာမေးပွဲစစ်ချိန်မှာ ကျွန်တော်က ဖျားနေတာနဲ့ မဖြေလိုက်ရပြန်ဘူး။ ဝက်စ်မင်စတာ မရောက်နိုင်တော့ဘဲ စိန့်အဲလ်ဘန်မှာ ပဲ နေရတော့တာပေါ့၊ စိန့်အဲလ်ဘန်က ပညာရေးဟာ ဝက်စ်မင်စတာထက် မသာရင်တောင် အတူတူပါပဲ။ လူမှုဆက်ဆံရေး မကောင်းတာဟာ အတားအဆီးတစ်ခုရယ်လို့ လည်း ကျွန်တော်ဖြင့် မတွေ့ပါဘူး။

အဲဒီခေတ် အင်္ဂလိပ်ပညာရေးကတော့ အဆင့်ဆင့် လုပ်ထားတဲ့ ပညာရေးပဲ၊ ကျောင်းတွေကို အကယ်ဒမစ်ကျောင်း၊ အကယ်ဒမစ် မဟုတ်တဲ့ ကျောင်း ခွဲခြားထားရုံတင်မကဘူး အကယ်ဒမစ်ကျောင်းတွေကို အေ ၊ ဘီ၊ စီ အဆင့်တွေ ထပ်ခွဲထားသေးတယ်။ အေရောက်တဲ့ လူတွေက အဆင်ပြေကြပေမယ့် ဘီရောက်တဲ့ လူတွေကျတော့ အဆင်မပြေလှဘူး၊ စီရောက်ရင် စိတ်ဓာတ်ကျကုန်ကြတယ်။ ကျွန်တော်ကတော့ အေရောက်သွားတယ်၊ ၁၁ တန်းအထက် စာမေးပွဲအမှတ်ကြောင့် ပါ။ ပထမနှစ်ပြီး

ရင် အတန်းထဲမှာ အဆင့် ၂၀ အောက်တွေကို ဘီကိုချတယ်။ အဆင့်လျော့တာဟာ ခံရသူတွေရဲ့ ယုံကြည်မှုကို ပြင်းပြင်းထန်ထန် ထိခိုက်စေပြီး တချို့ဆို ပြန်နလန်မထူတော့ဘူး၊ ကျွန်တော့်က ပထမ ၄လပတ် ၂ခုမှာ အဆင့် ၂၄ နဲ့ ၂၃ပဲ ရတယ်။ တတိယ ၄လပတ်မှာ တော့ အဆင့် ၁၈ ရတယ်။ ဒါနဲ့ သီသီလေး လွတ်သွားတယ်။

ကျွန်တော်ဖြင့် အတန်းထဲမှာ အလယ်အလတ်အထက် ဘယ်တော့မှ မရောက်ဘူး၊ (အတော်လည်း ဉာဏ်ထက်ကြတဲ့ အတန်းဗျ) ကျွန်တော် အိမ်စာလုပ်တာက သပ်သပ်ရပ်ရပ်မရှိဘူး၊ ကျွန်တော့် လက်ရေးကျတော့ ဆရာ ဆရာမတွေ အလွန်စိတ်ပျက်တယ်။ ဒါပေတဲ့ အတန်းဖော်သူငယ်ချင်း တွေကတော့ ကျွန်တော့်ကို အိုင်စတိုင်းလို့ ပြောင်ခေါ်ကြတယ်။ သူတို့ က ကျွန်တော့်မှာ တော်တာတစ်ခုခု တွေ့လို့ နေမှာ ။ အသက်ဆယ့်နှစ်နှစ်တုန်းကလည်း ကျွန်တော့်အနေနဲ့ တစ်စုံတစ်ရာ ဖြစ်ဖြစ်မြောက်မြောက် ဖြစ်မယ် မဖြစ်ဘူး ချိုချဉ်တစ်ထုပ်ကြေး သူငယ်ချင်းနှစ်ယောက် လောင်းကြတယ်။ သူတို့ လောင်းတာ ပြီးသွားပြီးလား မသိဘူး၊ ဖြစ်မြောက်သလား၊ မဖြစ်မြောက်ဘူးလား ဘယ်လိုများ ဆုံးဖြတ်ကြပါလိမ့်။

ကျွန်တော့်မှာ ရင်းရင်းနှီးနှီး သူငယ်ချင်း ၆ယောက် ၇ယောက် ရှိတယ်။ ခုထိ သူတို့ နဲ့ အဆက်အသွယ်ရှိတယ်။ အကြာကြီး ငြင်းလေ့ခုန်လေ့ရှိတဲ့ သူတွေပေါ့။ ရေဒီယိုနဲ့ ထိန်းတဲ့ ပစ္စည်းလေးတွေက စပြီး ဘာသာရေးထိ၊ စိတ်နယ်လွန် ဘာသာရပ်ကနေ ရူပဗေဒထိ ငြင်းကြတာပဲ၊ အဲဒီထဲမှာ "စကြဝဠာရဲ့ အစ" လည်း ပါတယ်၊ စကြဝဠာကို ဖန်တီးဖို့ နဲ့ ဆက်တည်နေဖို့ ဘုရားသခင်ဆိုတာ လိုအပ်သလား၊ မလိုအပ်ဘူးလား ...။ ကျွန်တော့်အနေနဲ့ ဝေးကွာလှတဲ့ ဂလက်ဇီကလာတဲ့ အလင်းဟာ အနီဘက်ကို သွေသွားတယ်လို့ ကြားဖူးထားတယ်။ ဒါဟာ စကြဝဠာ ပြန့်

ကားနေကြောင်း ညွှန်ပြနေတာလို့ ယူဆရမတဲ့ ၊ (အပြာရောင်ဘက်ကို သွေ့ရင်တော့ စကြဝဠာ ကျုံ့နေတယ်လို့ ယူရမတဲ့ ) အနီဘက်သွေ့တာ ဟာ (Red shift)ဟာ တခြားအကြောင်းတွေကြောင့် လို့ ကျွန်တော်က ထင်နေတာ၊ အလင်းက ကျွန်တော်တို့ ကမ္ဘာကို လာတုန်းမှာ ညောင်းသွားပြီး ပိုနီလာချင်လာမှာ ပေ့ါ၊ မပြောင်းလဲတဲ့ အမြဲတည်တံ့တဲ့ စကြဝဠာကြီးဆိုရင် ပိုပြီး သဘာဝမကျဘူးလားဗျာ၊ နှစ်နှစ် သုတေသန လုပ်ပြီး ပီအိပ်ချ်ဒီ ဘွဲ့ရပြီးမှ ကျွန်တော်မှားမှန်း သိတယ်။

ကျောင်းနောက်ဆုံး ၂နှစ်မှာ သင်္ချာနဲ့ ရူပဗေဒအထူး ယူချင်တယ်။ ကျောင်းမှာ စိတ်ဝင်စားအောင် သင်တတ်တဲ့ မစ္စတာ တာထာဆိုတဲ့ သင်္ချာဆရာရှိတယ်။ သင်္ချာခန်းလည်း အသစ်ဆောက်ပြီး ခါစ၊ အဲဒီအခန်းကို စာသင်ခန်းအဖြစ် သုံးကြတယ်၊ ဒါပေတဲ့ အဖေက သင်္ချာယူမှာ ကိုကန့်ကွက်တယ်၊ သင်္ချာ ပညာရှင်တွေအတွက် ကျောင်းဆရာအလုပ်က လွဲရင် တခြား ဘာအလုပ်မှ မရှိဘူးလို့ သူက ထင်တာ၊ သူက ဆေးလိုင်းကိုပဲ လိုက်စေချင်တယ်။ ကျွန်တော်က ဇီဝဗေဒကို လုံးဝစိတ်မဝင်စားဘူး၊ ဇီဝဗေဒက အခြေခံကျလှတဲ့ ဘာသာရပ်မဟုတ်၊ ရပ်လုံးပေါ်အောင် ပြန်ပြောတဲ့ ဘာသာရပ်ပဲလို့ ယူဆလို့ ပါ။ ဒီဘာသာရပ်က ကျောင်းမှာ အဆင့်လည်း နိမ့်တယ်၊ အတော်ဆုံး ကျောင်းသားတွေက သင်္ချာနဲ့ ရူပဗေဒ၊ သိပ်မတော်ရင် ဇီဝဗေဒ။ အဖေက ကျွန်တော်ကဖြင့် ဇီဝဗေဒ တော့ ယူမှာ မဟုတ်ဘူး လို့ သိတယ်။ ဒါနဲ့ ဓာတုဗေဒကို အဓိကယူ။ သင်္ချာကိုတော့ သာမန်အနေနဲ့ ယူစေတယ်။ ဒီနည်းအားဖြင့် သိပ္ပံဘက်လိုင်းတွေ ပွင့်နေအုံးမှာ လို့ သူက တွေးခဲ့တယ်။ ယခု ကျွန်တော် သင်္ချာပါမောက္ခဖြစ်နေပြီ၊ ဒါပေတဲ့ အသက် ၁၇ နှစ်အရွယ် စိန့်အဲလ်ဘန်ကျောင်းက ထွက်ကတည်းက သင်္ချာရယ်လို့ ကျောင်းသင်အနေနဲ့ မသင်ခဲ့ရဘူး၊ တစ်လျှောက်လုံးမှာ ကိုယ်သိသမျှ သင်္ချာကိုပဲ သုံးခဲ့တယ်။ ကင်း

ဘရစ်မှာ ပထမဆုံးတွဲ့ယူကျောင်းသားတွေကို ကျွန်တော် ကြီးကြပ်ရတော့ သူတို့ အရင် တစ်ပတ်လောက်ကြိုပြီး သင်္ချာသင်ခန်းစာတွေသိအောင် လုပ်ရတော့တာပေါ့။

အဖေက အပူပိုင်းရောဂါတွေ သုတေသနလုပ်နေတော့ မေးလ်ဟေး လ်မှာ ရှိတဲ့ သူ့ဓာတ်ခွဲခန်းကို ကျွန်တော့်ကို ခေါ်သွားလေ့ရှိတယ်။ အဖေ နဲ့ လိုက်သွားရတာ ပြီးတော့ မိုက်ခရိုစကုပ်ကတစ်ဆင့် ကြည့်ရတာကို ကျွန်တော်ကြိုက်တယ်။ အဖေက အင်းဆက်တွေ ထားတဲ့ တဲကိုလည်း ခေါ်တယ်။ အပူပိုင်းရောဂါတွေ ကပ်နေတဲ့ ခြင်တွေထားတဲ့ နေရာပေါ့။ အဲဒီနေရာမှာ တော့ ကျွန်တော် စိတ်ပူတယ်၊ ခြင်ကောင်တချို့လွတ်ထွ က်ပြီး ပျံ့နေချင်နေမှာ ထင်ရလို့ ပါ၊ အဖေက အင်မတန် အလုပ်လုပ်တ ယ်။ သုတေသနမှာ နှစ်မြှုပ်လုပ်နေတာပဲ၊ သူ့လောက်မတော်ပေတဲ့ အ ဆက်အသွယ်နဲ့ ကျောထောက်နောက်ခံကြောင့် သူ့ကို ကျော်တတ်သွားကြတဲ့ လူတွေကို သတိထားဖို့ ကျွန်တော်ကို ပြောတတ် တယ်။ ရူပဗေဒက ဖြင့် ဆေးလိုင်းနဲ့ မတူလှဘူးလို့ ကျွန်တော်ထင်တယ် ။ ဘယ်ကျောင်းတတ်တာ ဘယ်သူနဲ့ အမျိုးတော်တာက အရေးမကြီးလှ ဘူး၊ ကိုယ်ဘာလုပ်သလဲပဲ အရေးကြီးတာ။

ကျွန်တော်က ဝတ္ထုပစ္စည်းတွေ ဘယ်ပုံ အလုပ်လုပ်ကြသလဲဆိုတာ ကို စိတ်ဝင်စားတယ်။ ခွဲထုတ်ပြီး ကြည့်လေ့ရှိတယ်၊ ပြန်စုစည်း တပ်ဆ ပ်တာ မျိုးမှာ တော့ သိပ်မတော်ဘူး၊ ကျွန်တော့် လက်တွေ့လုပ်ဆောင် တဲ့ အရည်အချင်းက ကျွန်တော့် စိတ်ကူး (သီအိုရီ)နဲ့ စူးစမ်းမှုကို မမီဘူး၊ အဖေက သိပ္ပံမှာ စိတ်ဝင်စားတာကို အားပေးတယ်၊ သင်္ချာကို သူကိုယ် တိုင်သင်တာဟာ သူမတတ်တော့တဲ့ အဆင့်ကျမှ ရပ်တာပဲ။ အဖေ့အလု ပ်နဲ့ ဒီလို ကျောထောက်နောက်ခံ အခြေအနေမျိုးနဲ့ မှာ ကျွန်တော့်အနေ နဲ့ သိပ္ပံသုတေသနထဲကို ရောက်တာ သဘာဝတော့ ကျတယ်လို့ ကျွန်

တော်ယူဆတယ်။ ငယ်တုန်းက တော့ သိပ္ပံ ဘာသာရပ်တစ်မျိုးနဲ့ တစ်မျိုး မခွဲခြားတတ်ဘူးပေ့ါ၊ သို့သော် ၁၃နှစ် ၁၄နှစ် အရွယ်ကတည်းက ရူပဗေဒမှာ သုတေသနလုပ်ချင်တယ်လို့ ကျွန်တော်သိခဲ့တယ်။ ရူပဗေဒဟာ အခြေခံအကျဆုံး သိပ္ပံမို့ပဲ။ အလွန်လွယ်ပြီး အလွန်ရှင်းလို့ ကျောင်းမှာ ပျင်းစရာအကောင်းဆုံးဘာသာ ဖြစ်နေသော်မှ ပေ့ါ၊ ဓာတုဗေဒကတော့ မျှော်လင့်မထားတဲ့ ဟာတွေ ဥပမာ ပေါက်ကွဲတာမျိုးလေးတွေ ဖြစ်တတ်လို့ ပိုပြီး ပျော်စရာ ဖြစ်တာပေ့ါ၊ ဒါပေတဲ့ ရူပဗေဒနဲ့ နက္ခတ္တဗေဒကသာလျှင် ကျွန်တော်တို့ ဘယ်ကလာလို့ ဘာကြောင့် ဒီနေရာမှာ ကျွန်တော်တို့ ရှိနေသလဲ၊ ဒါမျိုးနားလည်နိုင်ဖို့ မျှော်လင့်ချက်ပေးနိုင်တယ်။ စကြဝဠာရဲ့ အနက်အရှိုင်း အဝေးကြီးကို လှည့်လည်ဖို့ ကျွန်တော် အလိုရှိခဲ့တယ်။ တစိုးတစိတော့ ကျွန်တော်အောင်မြင်တယ်ပဲဆိုပါစို့၊ ဒါပေတဲ့ ကျွန်တော်သိလိုတာတွေ အပုံအပင် ကျန်နေသေးတယ်။

***